ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲ

Australian Aid · Canada · DENMARK · Swiss Agency for Development and Cooperation SDC · UKaid · USAID · IFES

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ အမှာစာ



လွှတ်တော်ရွေးကောက်ပွဲတစ်ခု၏ လုပ်ငန်းစဉ်များသည် များပြားလှသည်။ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းက စတင်သည်။ မဲဆန္ဒနယ်များ သတ်မှတ်ပေးရသည်။ ရွေးကောက်ပွဲကျင်းပမည့်ရက် ကြေညာရသည်။ ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း တောင်းခံရသည်။ စိစစ်ရသည်။ အတည်ပြုကြေညာပေးရသည်။ မဲဆွယ်စည်းရုံးရေးကာလ သတ်မှတ်၍ မဲဆွယ်စည်းရုံးခွင့်ပေးရသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ ခန့်အပ်ပေးရသည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်ရသည်။ သင်တန်းများ ပေးရသည်။ မဲရုံနေရာများ သတ်မှတ်ပေးရသည်။ ရွေးကောက်ပွဲကျင်းပပေးရသည်။ ရွေးကောက်ပွဲ ကျင်းပပြီး နောက်ပိုင်းတွင်လည်း ရွေးကောက်ပွဲ အသုံးစရိတ်ငွေစာရင်းများစိစစ်ရသည်။ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းမှုရှိလာပါက ရွေးကောက်ပွဲ ခုံအဖွဲ့များဖွဲ့၍ စစ်ဆေးကြားနာပေးရသည်။

ဤသို့သော ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်တိုင်းတွင် အငြင်းပွားမှုများ ပေါ်ပေါက်တတ်သည်။ ဤသို့အငြင်းပွားမှုများပေါ်ပေါက်လာလျှင် အဆင့်တိုင်း အဆင့်တိုင်းတွင် တာဝန်ရှိသူတို့က ရွေးကောက်ပွဲ ဥပဒေများနှင့် နည်းဥပဒေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရသည်။

အထူးသဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင် အငြင်းပွားမှုများ ပိုမိုပေါ်ပေါက်လာတတ်သည်။ နိုင်ငံရေးပါတီများက မိမိတို့ ပါတီအောင်နိုင်ရေး အပြိုင်အဆိုင် စည်းရုံးကြသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မိမိတို့ ရွေးကောက်တင်မြှောက်ခံရရေး အကြိတ်အနယ် မဲဆွယ်စည်းရုံးဟောပြောမှုများ ပြုကြသည်။ ဤတွင် နိုင်ငံရေးပါတီ တစ်ခုနှင့်တစ်ခုအကြား၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ တစ်ဦးနှင့်တစ်ဦးကြား အငြင်းပွားမှုများ ကြုံတွေ့တတ်ကြသည်။ ယင်းသို့သောအခါများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများဖြင့် မလုံလောက်ပေ။ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဖို့ လိုအပ်လာသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်စေ၍ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းစေကာ အငြင်းပွားမှုများကို ဖြေရှင်း ဆောင်ရွက်စေခဲ့သည်။ အောင်မြင်မှု ရရှိခဲ့သည်ကိုလည်း တွေမြင်ခဲ့ကြရသည်။ ယခု ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း မဲဆွယ်စည်းရုံးရေးကာလ အငြင်းပွားမှုများ ပိုမိုချောမွေ့အောင်မြင်စွာ ဖြေရှင်းနိုင်ရေး အလို့ငှာ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့် လုပ်ငန်းလက်စွဲကို ထုတ်ပြန်ရခြင်းဖြစ်သည်။

စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်သည် မဲဆွယ်စည်းရုံးရေးကာလအတွင်း ကြုံတွေ့လာရသော အငြင်းပွားမှုများကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ် (**CoC**) များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးမှုများ ပြုလုပ်ပါက အောင်မြင်မှုများ ရရှိမည်ဟု ယုံကြည်မိပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | စေ့စပ်ညှိနှိုင်းရေး | ၂ |
| ၃။ | ရည်ရွယ်ချက် | ၃ |
| ၄။ | ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းခြင်း | ၃ |
| ၅။ | ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ | ၈ |
| ၆။ | ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်၏ သက်တမ်း | ၁၃ |
| ၇။ | တိုင်ကြားနိုင်သည့် ပုဂ္ဂိုလ်များ | ၁၃ |
| ၈။ | ဖြေရှင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ | ၁၄ |
| ၉။ | စေ့စပ်ညှိနှိုင်းရာတွင် ဆောင်ရွက်ရမည့်အချက်များ | ၁၄ |
| ၁၀။ | လေးစားလိုက်နာသင့်ခြင်း | ၁၄ |
| ၁၁။ | စေ့စပ်ညှိနှိုင်းမှု အစည်းအဝေးများကျင်းပခြင်း | ၁၅ |
| ၁၂။ | စေ့စပ်ညှိနှိုင်းမှုအစည်းအဝေးသို့ တက်ရောက်လေ့လာနိုင်သူများ | ၁၅ |
| ၁၃။ | အစည်းအဝေးကျင်းပခြင်း လုပ်ငန်းစဉ် အဆင့်ဆင့် | ၁၆ |
| ၁၄။ | အထွေထွေ | ၁၆ |
| ၁၅။ | နိဂုံး | ၁၇ |
| ၁၆။ | နောက်ဆက်တွဲ (က) | ၁၈ |
| ၁၇။ | နောက်ဆက်တွဲ (ခ) | ၂၁ |




## နိဒါန်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ကော်မတီများဖွဲ့စည်းခြင်းကို ဗဟိုမှစ၍ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ဖွဲ့စည်းခဲ့သည်။ ဤကော်မတီများ၏ အဓိကလုပ်ငန်းမှာ မဲဆွယ်စည်းရုံးရေးကာလတွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ စိန်ခေါ်မှုများကို လျော့ချရန်ဖြစ်ပြီး အငြင်းပွားမှုပြဿနာများကို နှစ်ဦးနှစ်ဖက် အချိန်တိုအတွင်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

၂။ ဤကော်မတီများတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ၊ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဒေသမှ သြဇာတိက္ကမရှိသူ ပုဂ္ဂိုလ်များပါဝင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင်လည်း စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲကာလအတွင်း အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ခဲ့သည်။



၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မဟာဗျူဟာစီမံကိန်း ၂၀၁၉ - ၂၀၂၂ ကိုရေးဆွဲရာတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း အခန်း(၆)တွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်းရေးဆွဲခဲ့သည်နှင့်အညီ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

၄။ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များနှင့် အညီကော်မတီအဆင့်ဆင့်က လျင်မြန်ထိရောက်စွာ စေ့စပ်ညှိနှိုင်းပေးရန်နှင့် စေ့စပ်ညှိနှိုင်းပေးမှု အခြေအနေများကို မှတ်တမ်းတင်ထား ရှိရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်တို့၏လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ် လက်စွဲစာအုပ်ကို ရေးဆွဲရခြင်းဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ဖွဲ့စည်း၍ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

## စေ့စပ်ညှိနှိုင်းရေး

၅။ စေ့စပ်ညှိနှိုင်းရေးဆိုသည်မှာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း အငြင်းပွားမှုတွင် ပါဝင်သည့် သက်ဆိုင်သူတစ်ဦးဦးသည် သက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများသို့ တိုင်ကြားလာပါက တိုင်ကြားသူနှင့် တိုင်ကြားခံရသူ နှစ်ဦးနှစ်ဖက်တို့ ပြေလည်မှု ရရှိစေရန် ကူညီညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။







## ရည်ရွယ်ချက်

၆။ သက်ဆိုင်ရာရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီသည်မဲဆွယ်စည်းရုံးရေးကာလတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများနှင့် ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအကြားတွင် အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ အဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲနှင့်အညီ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာဖြေရှင်း ဆောင်ရွက် နိုင်ရန်ဖြစ်သည်။



## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၇။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သတ်မှတ်ပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ၊
(ခ) တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ၊
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ၊
(ဃ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ။

၈။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး/ ပြည်နယ် / ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (ဃ) | ရွေးကောက်ပွဲဝင်ရောက်သည့်ကိုယ်စားလှယ်လောင်း အများဆုံးတင်သွင်းသည့် နိုင်ငံရေးပါတီ (၁၀)ခုမှ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (င) | နိုင်ငံခြားရေး/ပြည်ထဲရေး/နယ်စပ်ရေးရာ/ ပြန်ကြားရေး/ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန/ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း/ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား/ ပညာရေး/ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန/ ပြည်ထောင်စုရှေ့နေချုပ်ရုံး/ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး | အတွင်းရေးမှူး |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | တွဲဖက် အတွင်းရေးမှူး |






၉။ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး / ပြည်နယ် / ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး / ပြည်နယ် / ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ (ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင်) | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အတွင်းရှိ ရွေးကောက်ပွဲဝင်ရောက်သည့် ပါတီများမှ ကိုယ်စားလှယ် တစ်ဦးစီ | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး / ပြည်နယ် / ပြည်ထောင်စုနယ်မြေ အတွင်းရှိ ဩဇာတိက္ကမရှိသူ အများဆုံးငါးဦး (ဖြစ်နိုင်ပါက အနည်းဆုံး အမျိုးသမီး(၁)ဦးပါဝင်ဖွဲ့စည်းရန်) | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး / ပြည်နယ် / ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (စ) | တိုင်းဒေသကြီး / ပြည်နယ် / ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး(သို့မဟုတ်)ဦးစီးအရာရှိ | တွဲဖက် အတွင်းရေးမှူး |

၁၀။ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ (ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင်) | အဖွဲ့ဝင် |
| (ဂ) | ခရိုင်အတွင်းရှိရွေးကောက်ပွဲဝင်ရောက်သည့် ပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (ဃ) | ခရိုင်အတွင်းရှိ ဩဇာတိက္ကမရှိသူ အများဆုံးငါးဦး (ဖြစ်နိုင်ပါက အနည်းဆုံးအမျိုးသမီး (၁)ဦး ပါဝင်ဖွဲ့စည်းရန်) | အဖွဲ့ဝင် |
| (င) | ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး | အတွင်းရေးမှူး |







၁၁။ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ (ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင်) | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်အတွင်းရှိရွေးကောက်ပွဲဝင်ရောက်သည့် ပါတီများနှင့်တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်အတွင်းရှိ ဩဇာတိက္ကမရှိသူ အများဆုံးငါးဦး (ဖြစ်နိုင်ပါက အနည်းဆုံး အမျိုးသမီး (၁) ဦးပါဝင်ဖွဲ့စည်းရန်) | အဖွဲ့ဝင် |
| (င) | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး | အတွင်းရေးမှူး |

*မှတ်ချက်။ ဩဇာတိက္ကမရှိသူများသည် ပါတီနိုင်ငံရေးကင်းရှင်းသူ၊ အနည်းဆုံး အသက် ၅၀ နှစ်ပြည့်ပြီးသူဖြစ်သည်။ လုပ်ငန်းလိုအပ်ချက်အရ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားသည်။*

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ

၁၂။ ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

### *(က) ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ*

(၁) လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲ ဖြစ်စေရန် ရွေးကောက်ပွဲ ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်အားကြီးကြပ်ခြင်း၊

(၂) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (**Code of Conduct**) ကိုလေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(၃) ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်ကလည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကလည်းကောင်းရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား တင်ပြလာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၄) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စား လှယ်လောင်းများက မဲဆွယ်စည်းရုံးခြင်းကာလအတွင်းတင်ပြလာသည့်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၅) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်က တင်ပြလာသည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား မှတ်တမ်းတင်ထားရှိခြင်း။







### *(ခ) တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏လုပ်ငန်းတာဝန်များ*

(၁) သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကဖြစ်စေ၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကဖြစ်စေတင်ပြလာသည့်ရွေးကောက်ပွဲအကြိုကာလနှင့်ရွေးကောက်ပွဲကာလများတွင်ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၂) နိုင်ငံရေးပါတီများ နှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ် (**Code of Conduct**) ကိုလေးစားလိုက်နာစေရန်ဆောင်ရွက်ခြင်း၊

(၃) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၄) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင်အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၅) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ခက်ခဲသောအခြေအနေပေါ်ပေါက်ပါကရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုကို ခံယူ၍ ဆောင်ရွက်ခြင်း၊

(၆) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအားရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(၇) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုစေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကိုမှတ်တမ်းတင်ထားရှိခြင်း။

## *(ဂ) ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ*

(၁) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၂) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန်သဘောတူညီထားသည့်နိုင်ငံရေးပါတီများနှင့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ် (**Code of Conduct**) ကိုလေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(၃) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့်လုံခြုံရေးဆိုင်ရာအကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေး၊ လုံခြုံရေးနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းအကြီးအကဲများကို အစည်းအဝေးတွင် ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) မဲဆွယ်စည်းရုံးမှု ကာလအတွင်း ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၅) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၆) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီမှသော်လည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကသော်လည်းကောင်းတင်ပြလာသည့် ရွေးကောက်ပွဲ ဆိုင်ရာ အငြင်းပွားမှုများကိုဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၇) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ခက်ခဲသော အခြေအနေ ပေါ်ပေါက်ပါက တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(၈) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၉) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ တင်ပြခြင်း၊

(၁၀) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုစေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။





## *(ဃ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ*

(၁) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၂) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်နာရန် သဘောတူညီထားသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ် (**Code of Conduct**) ကိုလေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(၃) သက်ဆိုင်ရာ လွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများမဲဆွယ်စည်းရုံးရေး ကာလအတွင်း အဆင်ပြေချောမွေ့စွာမဲဆွယ်စည်းရုံးနိုင်ရန်အတွက် မဲဆွယ်စည်းရုံးမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် တွေ့ဆုံညှိနှိုင်းသတ်မှတ်ပေးခြင်းနှင့် ခွင့်ပြုချက်ရရှိရန် လိုအပ်သည့်ကိစ္စရပ်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၄) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲများကို အစည်းအဝေးတွင် ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊



(၅) သက်ဆိုင်ရာလွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးမည့်အချိန်ဇယားပါအတိုင်း လုံခြုံရေးဆောင်ရွက်ပေးနိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၆) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၇) ရွေးကောက်ပွဲနေ့တွင်တိုင်ကြားလာသည့်အငြင်းပွားမှုများကိုဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(၈) ရွေးကောက်ပွဲနေ့ မဲရုံများ၌ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို အမြန်ဆုံး စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း၊

(၉) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ခက်ခဲသော အခြေအနေ တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(၁၀) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(၁၁) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအားသက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီသို့ တင်ပြခြင်း၊

(၁၂) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။







## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်၏သက်တမ်း

၁၃။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏သက်တမ်းမှာ ကော်မတီအဆင့်ဆင့်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းပြီးသည့်နေ့မှစ၍ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နေ့အထိ ဖြစ်သည်။

## တိုင်ကြားနိုင်သည့်ပုဂ္ဂိုလ်များ

၁၄။ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍တိုင်ကြားနိုင်သည့်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -



(က) အငြင်းပွားမှုနှင့် သက်ဆိုင်သည့် နိုင်ငံရေးပါတီများ (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊



(ခ) အငြင်းပွားမှုနှင့် သက်ဆိုင်သည့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၊



(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်များ၊



(ဃ) သက်ဆိုင်ရာဌာနများ။

## ဖြေရှင်းဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ

၁၅။ (က) မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ နေ့ရက်များသတ်မှတ်ခြင်းနှင့်အချိန်နေရာများသတ်မှတ်ခြင်းဆိုင်ရာ၊

(ခ) နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများလိုက်နာရမည့်ကျင့်ဝတ်များဆိုင်ရာ။

## စေ့စပ်ညှိနှိုင်းရာတွင် ဆောင်ရွက်ရမည့်အချက်များ

၁၆။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်သည် -

(က) စေ့စပ်ညှိနှိုင်းပေးရာတွင်တရားမျှတမှုဖြစ်စေရေးအတွက်အငြင်းပွားမှုတွင်သက်ဆိုင်သူများကငင်းတို့၏အမြင်များ၊အကြောင်းအရာအဖြစ်အပျက်များ၊သတင်းအချက်အလက်များကို ကောင်းစွာတင်ပြနိုင်ရေး ဆောင်ရွက်နိုင်သည်။

(ခ) အငြင်းပွားမှုများကိုလျော့ချနိုင်ရေးအတွက်လိုအပ်ပါကအငြင်းပွားမှုတွင်ပါဝင်သူများက တင်ပြလိုသည့် အချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်သည်။

(ဂ) အငြင်းပွားမှုတွင် ပါဝင်သူများအကြား သဘောတူညီမှု / ပြေလည်မှု တစ်ခုခုရရှိစေရန်သင့်လျော်သည့် နည်းလမ်းများဖြင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) စေ့စပ်ညှိနှိုင်းမှုအစည်းအဝေးတွင် ပါဝင်တက်ရောက်သူအားလုံးကို လေးစားယဉ်ကျေးစွာ ဆက်ဆံရမည်။

(င) သက်ဆိုင်သူတစ်ဦးဦး၏ တင်ပြချက်ကို အလေးထား၍ ဆောင်ရွက်ပေးရမည်။

(စ) အငြင်းပွားမှုတွင်ပါဝင်သက်ဆိုင်သူများနှင့်တက်ရောက်သူများ ဆွေးနွေးပြောဆိုခွင့်ရစေရန် လုံလောက်သည့် အချိန်ပေးရမည်။

(ဆ) စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရာတွင်ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊လုပ်ငန်းလမ်းညွှန်၊ အမိန့်ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများလိုက်နာရန်ကျင့်ဝတ် (**Code Of Conduct**) တို့နှင့်အညီသာ ဖြေရှင်းဆောင်ရွက်ပေးရမည်။

## လေးစားလိုက်နာသင့်ခြင်း

၁၇။ စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်သဘောတူညီမှုရရှိပြီးသော ကိစ္စရပ်များကိုအငြင်းပွားမှုတွင် ပါဝင်သက်ဆိုင်သူအားလုံးက လေးစားလိုက်နာသင့်ပါသည်။





## စေ့စပ်ညှိနှိုင်းမှု အစည်းအဝေးများ ကျင်းပခြင်း

၁၈။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများသည် မဲဆွယ်စည်းရုံးရေးကာလတွင် အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်တိုအတွင်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် မဲဆွယ်စည်းရုံးရေးကာလရက် သတ်မှတ်ပြီးနောက် ထိုနေ့မတိုင်မီ ကော်မတီအစည်းအဝေးများကို ကြိုတင် ကျင်းပရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ စဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) နှင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများလိုက်နာရန်ကျင့်ဝတ် (**Code Of Conduct**) တို့ပါ အချက်အလက်များအား ကြိုတင်ဆွေးနွေးထားရန် လိုအပ်ပါသည်။

၁၉။ မဲဆွယ်စည်းရုံးရေးကာလတွင် အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်သူ တစ်ဦးဦးက သက်ဆိုင်ရာ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ တိုင်ကြားလာပါက တိုင်ကြားချက်ရရှိလျှင်ရရှိခြင်း အမြန်ဖြေရှင်းပေးရန်အတွက် စေ့စပ်ညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ကျင်းပပေးရမည်ဖြစ်ပါသည်။

## စေ့စပ်ညှိနှိုင်းမှုအစည်းအဝေးသို့ တက်ရောက်လေ့လာနိုင်သူများ

၂၀။ စေ့စပ်ညှိနှိုင်းမှု အစည်းအဝေးသို့ အောက်ဖော်ပြပါပုဂ္ဂိုလ်များ တက်ရောက်လေ့လာနိုင်သည် -



(က) ရွေးကောက်ပွဲ
လေ့လာသူများ



(ခ)ပြည်သူလူထုများ



(ဂ)သက်ဆိုင်ရာ ပုဂ္ဂိုလ်များ

## အစည်းအဝေးကျင်းပခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

၂၁။ ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းမှုကော်မတီအစည်းအဝေးကိုအောက်ဖော်ပြပါ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည် -

(က) စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များနေရာယူခြင်း၊

(ခ) အငြင်းပွားမှုတွင် ပါဝင်သက်ဆိုင်သူများ နေရာယူခြင်း၊

(ဂ) စေ့စပ်ညှိနှိုင်းစဉ်အတွင်း အသုံးပြုခဲ့သည့် ကြေညာချက်များ၊ အဆိုပြုချက်များ၊ ဝန်ခံချက်များ၊ သဘောတူညီချက်များသည် မည်သည့်တရားရုံးနှင့် ရွေးကောက်ပွဲခုံအဖွဲ့သို့ တင်ပြခွင့်မရှိကြောင်း၊ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေး တက်ရောက်သူများသည် စေ့စပ်ညှိနှိုင်းစဉ်အတွင်း ရရှိသည့် သတင်းအချက်အလက်၊ အကြောင်းအရာများနှင့်စပ်လျဉ်း၍သက်သေခံထွက်ဆိုရန် တာဝန်မရှိကြောင်းကို ရှင်းလင်းတင်ပြခြင်း၊

(ဃ) အငြင်းပွားမှုတွင် ပါဝင်သက်ဆိုင်သူများမှ အငြင်းပွားသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ တင်ပြခြင်း၊

(င) တင်ပြချက်များအပေါ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(စ) စေ့စပ်ညှိနှိုင်းမှုအစည်းအဝေးမှတ်တမ်း ပြုစုခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း၊

(ဆ) အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ တစ်ဦးဦးက ဦးဆောင်ဆွေးနွေးညှိနှိုင်းဖြေရှင်းပေးခြင်း။

**အထွေထွေ**

၂၂။ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏စေ့စပ်ညှိနှိုင်းသဘောတူချက်ရလဒ်များသည် ဥပဒေအရ စည်းနှောင်မှုမရှိစေရ။





## နိဂုံး

၂၃။ မဲဆွယ်စည်းရုံးရေးကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ပြဿနာ ပေါ်ပေါက်လာတတ်ပါသည်။ ထိုအငြင်းပွားမှုပြဿနာ ပိုမိုကြီးထွားမလာစေရန် သက်ဆိုင်ရာ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီက တိုင်ကြားချက်ရရှိလျှင် ရရှိခြင်း အမြန်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုသို့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အချိန်နှင့်တစ်ပြေးညီ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပေးရန်လိုအပ်ပါသည်။ ထိုကော်မတီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း သတ်မှတ်ပေးရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဤရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းစဉ်လက်စွဲကို ရေးဆွဲထုတ်ပြန်ရခြင်းဖြစ်ပါသည်။ လုပ်ငန်းစဉ်လက်စွဲပါအချက်များအား ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်က ကျေညက်စွာဖတ်ရှုလေ့လာပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း ပေါ်ပေါက်လာမည့်ပြဿနာများကို အချိန်တိုအတွင်း အမြန်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။



**နောက်ဆက်တွဲ(က)**

**ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရန် တိုင်ကြားလွှာ**

**------------ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ**

ရက်စွဲ၊ - - -၊ - - -၊၂၀၂၀။

တိုင်ကြားသူ

ဦး/ဒေါ် ------------------------
လွှတ်တော်ကိုယ်စားလှယ်လောင်း/ မဲဆန္ဒရှင် ------------------------
ပါတီ ------------------------
(မဲဆန္ဒနယ်) ------------------------
(နေရပ်လိပ်စာ အပြည့်အစုံ)၊ ------------------------
------------------------
------------------------
------------------------

(တစ်ဦးထက်ပိုပါက ပူးတွဲပါဝင်သူနှင့် သက်ဆိုင်သည့်အထက်ပါအချက်များအား ဤနေရာတွင် ဖော်ပြ၍ အမှတ်စဉ်တပ်ရန်)

နှင့်

တိုင်ကြားခံရသူ

ဦး/ဒေါ် ------------------------
လွှတ်တော်ကိုယ်စားလှယ်လောင်း/ မဲဆန္ဒရှင် ------------------------
ပါတီ ------------------------
(မဲဆန္ဒနယ်) ------------------------
(နေရပ်လိပ်စာ အပြည့်အစုံ)၊ ------------------------
------------------------
------------------------
------------------------

(တစ်ဦးထက်ပိုပါက ပူးတွဲပါဝင်သူနှင့် သက်ဆိုင်သည့်အထက်ပါအချက်များအား ဤနေရာတွင် ဖော်ပြ၍ အမှတ်စဉ်တပ်ရန်)





(အထောက်အထားအဖြစ် တင်ပြနိုင်သော အရေးကြီးသည့်ကိစ္စရပ်ကို အကျဉ်းချုပ်ဖော်ပြနိုင်သည်။ လိုအပ်လျှင်စာပိုဒ်ခွဲ၍ အမှတ်စဉ် ရေးထိုးရမည်။)

၁။ ------------------------------------------------
------------------------------------------------
------------------------------------------------

၂။ ------------------------------------------------
------------------------------------------------
------------------------------------------------

၃။ ------------------------------------------------
------------------------------------------------
------------------------------------------------

၄။ ------------------------------------------------
------------------------------------------------
------------------------------------------------

(ဖြေရှင်းဆောင်ရွက်ပေးလိုသည့် အကြောင်းအရာ/အခွင့်အရေးအား ဖော်ပြရန်)

သို့ဖြစ်ပါ၍

(က) ----------------------
----------------------
----------------------

(ခ) ----------------------
----------------------
----------------------

(ဂ) ----------------------
----------------------
----------------------

ရက်စွဲ။ -----------
လက်မှတ် -----------
နေရာ။ -----------
တိုင်ကြားသူ -----------

**ဝန်ခံချက်**

(ဤနေရာတွင် အထက်ဖော်ပြပါအချက်အလက်များသည် မှန်ကန်ကြောင်း ဖော်ပြ၍ဝန်ခံလက်မှတ်ရေးထိုးရန်)

လက်မှတ် ----------

တိုင်ကြားသူ ----------

**ပူးတွဲတင်သွင်းသည့် စာရွက်စာတမ်းနှင့် အထောက်အထားများ(ရရှိနိုင်လျှင်)**

(၁) ------------------------------------------

------------------------------------------

(၂) ------------------------------------------

------------------------------------------

(၃) ------------------------------------------

------------------------------------------





**နောက်ဆက်တွဲ(ခ)**

၂၀၂၀ ပြည့်နှစ်၊ --------- လ (        )ရက်နေ့ ----(----)နာရီအချိန်၊ -------
တိုင်းဒေသကြီး/ပြည်နယ် -------------------------- ရွေးကောက်ပွဲဆိုင်ရာ
စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (     /၂၀၂၀)မှတ်တမ်း

အစည်းအဝေးတက်ရောက်သူများ

၁။ ------------------------------------------

ရည်ရွယ်ချက်

၂။ ------------------------------------------

အစည်းအဝေးစတင်ခြင်းနှင့် ပြီးဆုံးခြင်း

၃။ ------------------------------------------

အားလုံးသဘောတူသတ်မှတ်သည့် နောက်အစည်းအဝေးရက်စွဲ (လိုအပ်ပါက)

၄။ ------------------------------------------

အစည်းအဝေးမှဖြေရှင်းချက်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၅။ ------------------------------------------

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်